# ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရထားပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်၏ ဒေသအားလုံးသို့ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသသို့ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ဖြစ်စေ ရထားကို အသုံးပြု၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေး အလို့ငှာ သယ်ယူပို့ဆောင်သည့်လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း တို့ကိုဆိုသည်။

(ခ) **ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများ** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးအတွက် တည်ထောင်ထားသည့် ရထား သို့မဟုတ် ရထား၏ တစ်စိတ်တစ်ဒေသကို ဆိုသည်။ ယင်းစကားရပ်တွင် ရထားလုပ်ငန်းဆိုင်ရာ အောက်ပါပစ္စည်းများလည်း ပါဝင်သည်-

(၁) ရထားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝင်းခြံအကာအရံအတွင်းရှိ မြေအားလုံး သို့မဟုတ် ရထားနယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားသည့် အထက်၊ အောက် နယ်မြေအားလုံး၊

(၂) ရထားပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှင့် ဆက်စပ်အသုံးပြုသည့် ရထားလမ်းများ၊ မြေအောက်ဥမင်လိုဏ်ခေါင်း ရထားလမ်းများ၊ မြေပြင်အထက် မြှင့်တင်ထားသော ရထားလမ်းများ၊ ရထားလမ်းခွဲများ၊ ရထားလမ်းမွှာနှင့် ရထား လမ်းမြှောင်များအားလုံး၊

(၃) ရထားနှင့်သက်ဆိုင်သည့် သို့မဟုတ် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် တည်ဆောက် ထားသည့် ဘူတာရုံများ၊ ရုံးများ၊ သိုလှောင်ရုံများ၊ ဆိပ်ခံဘောတံတားများ၊ စက်ရုံ အလုပ်ရုံများ၊ စက်ခေါင်းရုံများ၊ တွဲပြင်ရုံများ၊ ရထားလမ်း ယာဉ်များ၊ တွဲရပ်နားစကြီများ၊

ရထားဆေးရုံများ၊ ဆေးပေးခန်းများ၊ သင်တန်းကျောင်းများ၊ ရထားဝန်ထမ်းနေအိမ်များ၊ တပ်ဆင်ထားသည့် စက်ပစ္စည်းများနှင့် အခြားတည်ဆောက်မှုများအားလုံး၊

(၄) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် အသုံးပြုလျက်ရှိသော ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့် သို့မဟုတ် ငှားရမ်းယူထားသည့် သို့မဟုတ် စီမံပြုလုပ်ထားသည့် သင်္ဘောများ၊ လှေများ၊ ဖောင်များနှင့် ကူးတို့များအားလုံး။

(ဂ) **မြန်မာ့မီးရထား** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် ရထားကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင်အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ရထားကုမ္ပဏီ** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ တည်ထောင်သည့် ကုမ္ပဏီကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့မီးရထား မပါဝင်။

(င) **ရထားအဖွဲ့အစည်း**ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းလိုင်စင် ရရှိထားသည့် ရထားကုမ္ပဏီနှင့် မြန်မာ့မီးရထားတို့ကို ဆိုသည်။

(စ) **ရထားနယ်နိမိတ်** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့်ဘူတာဧရိယာ၊ ရထားလမ်း အထက်၊ အောက်၊ ဝဲ၊ ယာ လွတ်ကင်းဧရိယာ၊ ရထားလုပ်ငန်းဆိုင်ရာ စက်ရုံဧရိယာ၊ ရထားနှင့်သက်ဆိုင်သည့် လုပ်ငန်းများအတွက် လိုအပ်သည့် မြေဧရိယာများကို ဆိုသည်။

(ဆ) **ရထား** ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်း မရှိသော စက်ခေါင်း သို့မဟုတ် နောက်တွဲယာဉ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ မယူ ဖယ်ရှားခြင်းမပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကို ဆိုသည်။

(ဇ) **ရထားလမ်းယာဉ်** ဆိုသည်မှာ စက်ခေါင်း၊ စက်ခေါင်းနောက်မြီးတွဲ၊ သံလမ်းပြေးယာဉ် အမျိုးမျိုး၊ လူစီးတွဲ၊ ကုန်တွဲများ၊ အပေါ့စားရထားနှင့် လက်တွန်းယာဉ် အမျိုးမျိုးကို ဆိုသည်။

(ဈ) **ရထားလက်မှတ်** ဆိုသည်မှာ ခရီးလမ်းကြောင်းတစ်ခုအတွက်ဖြစ်စေ၊ အသွားအပြန် ခရီးအတွက်ဖြစ်စေ၊ ကာလအပိုင်းအခြားဖြင့် အသုံးပြုရန် အခကြေးငွေဖြင့် ထုတ်ပေးထားသော လက်မှတ်ကိုသော်လည်းကောင်း၊ ရထားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူတစ်ဦးဦးက ရထားစီးရန်အတွက် အခမဲ့ထုတ်ပေးထားသည့် လက်မှတ်ကို သော်လည်းကောင်း ဆိုသည်။

(ည) **ကုန်စည်** ဆိုရာတွင် ကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်များလည်း ပါဝင်သည်။

(ဋ) **တိရစ္ဆာန်** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းကျောင်းထားသော ဆင်၊ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ မြည်း၊ လား၊ ဝက်၊ သိုး၊ ဆိတ်နှင့် ရထားကို အန္တရာယ်ဖြစ်စေနိုင်သည့် အခြား တိရစ္ဆာန်များလည်း ပါဝင်သည်။

(ဌ) **ပို့ဆောင်ရေး** ဆိုရာတွင် ခရီးသည်နှင့် ကုန်စည်တို့ကို ရထားလမ်းယာဉ် တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်မှုကို ဆိုသည်။

(ဍ) **ချိတ်ဆက်ပို့ဆောင်မှု** ဆိုသည်မှာ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ရထားအဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သည့် ပို့ဆောင်မှုကို ဆိုသည်။

(ဎ) **အခနှုန်းထား** ဆိုသည်မှာ ခရီးသည်နှင့် ကုန်စည်များ သယ်ဆောင်ရန်အတွက် သတ်မှတ်ထားသည့် အခကြေးငွေများအပြင် ဆက်စပ်သည့် အခြားအခကြေးငွေစံနှုန်းတစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **ဝန်ဆောင်ခ** ဆိုသည်မှာ ရထားဘူတာရုံ၊ ဘူတာလမ်းမြှောင်လမ်းခွဲ၊ ကုန်သိုလှောင်ရုံ၊ ဝန်ချီစက်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် အခြားဝန်ဆောင်မှုတစ်ခုခုအတွက် ပေးဆောင်ရသည့် အခကြေးငွေကို ဆိုသည်။

(တ) **ကူးတို့** ဆိုရာတွင် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လှေများကို တွဲ၍ ခင်းထားသည့်တံတား၊ ရေဆိပ်တံတား၊ ဖောင်၊ ပေါင်းကူးတံတား၊ ခေတ္တခင်းထားသည့် တံတား၊ ကူးတို့ဆိပ်များနှင့် ယင်းကူးတို့ဆိပ် ချဉ်းကပ်လမ်းများပါဝင်သည်။

(ထ) **ရပ်နားစခန်းလုပ်ငန်း** ဆိုသည်မှာ ရထားပို့ဆောင်ရေး လုပ်ငန်းအတွက်ဖြစ်စေ၊ ရထား ပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားပို့ဆောင်ရေး လုပ်ငန်းများအတွက် ဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးအတွက်ဖြစ်စေ လမ်းဆုံနေရာ သို့မဟုတ် အချက်အခြာကျသော နေရာတွင် ခေတ္တရပ်နားခြင်း၊ စားသောက်ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ခြင်း၊ ရထားပြင်ဆင်ခြင်း သို့မဟုတ် အဆိုပါ ပို့ဆောင်ရေးလုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်သည့် အခြားလုပ်ငန်း တစ်ခုခု ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းအတွက်ဖြစ်စေ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဓ) **ကူးပြောင်းဘူတာ** ဆိုသည်မှာ နယ်စပ်ရထားလမ်းများနှင့် ကူးပြောင်းဘူတာများဆိုင်ရာ သဘောတူစာချုပ်အရ ဒေသအတွင်း စာချုပ်ဝင်နိုင်ငံများရှိ ရထားလမ်းများနှင့် ချိတ်ဆက်ပြီး နိုင်ငံတော်အတွင်း ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် နယ်စပ်တွင် တည်ထောင်သတ်မှတ်ထားသည့် ရထားအချင်းချင်းကူးပြောင်းသည့်ဘူတာကို ဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဗဟိုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော ရထားပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဖ) **စီမံရေးအဖွဲ့** ဆိုသည်မှာ ဗဟိုကြီးကြပ်ရေးအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စီမံရေးအဖွဲ့ကို ဆိုသည်။

(ဗ) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဘ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ရထားအဖွဲ့အစည်းက ဤဥပဒေအရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(မ) **ရထားဝန်ထမ်း** ဆိုသည်မှာ ရထားအဖွဲ့အစည်းတွင် ရထားနှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)

## ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သော ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်လမ်းညွှန်မှုပြုရမည်။

(ခ) ရထားအဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အတိုင်ပင်ခံကျွမ်းကျင်ပညာရှင် ပုဂ္ဂိုလ်များ အကြားတွင်လည်းကောင်း၊ ရထားအဖွဲ့အစည်းအချင်းချင်းအကြားတွင်လည်းကောင်း ချုပ်ဆိုသည့် သဘောတူစာချုပ်များကို စိစစ်ပြီး အတည်ပြုရမည်။

(ဂ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားဆက်စပ်သည့် ကိစ္စများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဃ) စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်းနှင့် ကူညီခြင်းများဆောင်ရွက်ရမည်။

(င) ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ထားသည့် ရထားလမ်းကို ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းထားသည့်ရထားလမ်းကို ပြန်လည်ဖွင့်လှစ်ခြင်းကိစ္စရပ်များတွင် ကြီးကြပ်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့် အမိန့်ထုတ်ပြန်ခြင်းများပြုလုပ်ရမည်။

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ရထားအဖွဲ့အစည်းက တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ဆ) ရထားအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရမည်။

(ဇ) ရထားအဖွဲ့အစည်း၏ ရထားနယ်နိမိတ်အတွင်းရှိ ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထိန်းသိမ်းခြင်းအတွက် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရထားအဖွဲ့အစည်းများအား ရထားနယ်နိမိတ်တွင် ကျူးကျော်သည့်အဆောက်အအုံများကို ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်း၊ ကျူးကျော်ဝင်ရောက်သူကို တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်စေရမည်။

(ဈ) နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် လက်ခံထားသည့် နိုင်ငံတကာ အာရှအဝေးပြေး ရထားလမ်းများဆိုင်ရာ သဘောတူစာချုပ်၊ ဒေသအတွင်းရှိနိုင်ငံများ၏ နယ်စပ်ရထားလမ်းများနှင့် ကူးပြောင်းဘူတာဆိုင်ရာ သဘောတူစာချုပ်များအရ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၃)
## စီမံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ဇဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် စီမံရေးအဖွဲ့ကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ယင်းအဖွဲ့၏ သက်တမ်းနှင့် လုပ်ပိုင်ခွင့်တို့ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် စီမံရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စီမံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရုံးအဖွဲ့ကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်း၍ ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၆။ စီမံရေးအဖွဲ့သည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်-

(က) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုဆိုင်ရာ ကိစ္စများကို စစ်ဆေးခြင်း၊

(ခ) ရထားလမ်းများ၊ ရထားလမ်းယာဉ်များနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများကို အချိန်သတ်မှတ်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုများအား စုံစမ်းစစ်ဆေးခြင်း၊

(ဂ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရထားလုပ်ငန်း စီမံချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ စိစစ်ချက်အစီရင်ခံစာကို ဇဟိုကြီးကြပ်ရေးအဖွဲ့ထံ တင်ပြခြင်း၊

(ဃ) ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ဘေးအန္တရာယ် ကင်းရှင်းမှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ကို ရထားကုမ္ပဏီအား ထုတ်ပေးခြင်း၊

(င) စက်ခေါင်းမောင်း၊ ရထားထိန်း၊ သက်ဆိုင်ရာ အင်ဂျင်နီယာများနှင့် ရထားပြေးဆွဲခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့် ရထားဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ၎င်းတို့အား စစ်ဆေးပြီး ကျွမ်းကျင်မှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကျေနပ်ဖွယ်ရာမတွေ့ရှိပါက ထိုအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) ဇဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ စီမံရေးအဖွဲ့သည် ပုဒ်မ ၆ ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) စိစစ်မှု၊ စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ရထားဝန်ထမ်းတစ်ဦးဦးကို လာရောက်ရှင်းလင်းပြောကြားရန် သက်ဆိုင်ရာ ရထားအဖွဲ့အစည်းမှတစ်ဆင့် စာဖြင့်ဆင့်ခေါ်နိုင်သည်။

(ခ) သက်ဆိုင်ရာ ရထားဝန်ထမ်းနှင့် သက်သေများကို ဆင့်ခေါ်၍ စစ်ဆေးမေးမြန်းခြင်း၊ စာရင်းဇယားနှင့် အထောက်အထားများ တင်ပြစေခြင်း ပြုနိုင်သည်။

(ဂ) ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်း၊ စာရွက်စာတမ်းနှင့် အထောက်အထားများကို ကြည့်ရှုစစ်ဆေးသင့်သည်ဟု ထင်မြင်ယူဆလျှင် စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့က လုပ်ငန်းအလိုက် ပေးအပ်သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

၈။ စီမံရေးအဖွဲ့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြသော စိစစ်ချက်အစီရင်ခံစာတွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) အဆိုပြုသည့် ရထားလမ်းကြောင်း၊ ရထားအမျိုးအစားနှင့် ကျင့်သုံးလိုသည့်စနစ်၊ အဆိုပြု ရထားလက်မှတ်ခနှင့် ကောက်ခံမည့်စနစ်၊

(ခ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် ရပ်နားစခန်း လုပ်ငန်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ၊

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အကဲဖြတ်ဆန်းစစ်ရာတွင် အထောက်အကူပြုမည့် ဆက်စပ်အကြောင်းအရာများ၊

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် အခြားလိုအပ်သော အချက်များ။

၉။ စီမံရေးအဖွဲ့သည် ရထားလမ်း၊ မြေအောက်ရထားလမ်း၊ မြေပေါ်ရထားလမ်း၊ လျှပ်စစ်ရထားကောင်းကင်ကြိုးနှင့် ရထားလမ်းယာဉ်ကိုပြေးဆွဲခြင်း၊ မပြေးဆွဲဘဲ ရပ်ဆိုင်းထားခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့် စီမံရေးအဖွဲ့၏ စိစစ်ချက်အစီရင်ခံစာအရ ရထားလမ်းဖောက်လုပ်လျှင်ဖြစ်ပေါ်လာနိုင်သော ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းများ ပြောင်းလွဲမည့်ကိစ္စ၊ ရထားလမ်းနှင့် ကားလမ်းဆုံမည့်နေရာတွင် အန္တရာယ်ကင်းရှင်းစေရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်း ရှိ မရှိ ကိစ္စနှင့် မြို့ရွာများ အကျိုးသက်ရောက်မှု ရှိ မရှိ ကိစ္စများနှင့်စပ်လျဉ်း၍ ရထားလမ်းတစ်လျှောက်ရှိ နယ်မြေခံလူထုနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ သဘောထားများကို ထည့်သွင်းစဉ်းစားလျက် ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း ပြုလုပ်နိုင်သည်။

## အခန်း(၄)

## မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့

၁၁။ ဝန်ကြီးဌာနသည်-

(က) ဦးဆောင်ညွှန်ကြားရေးမှူးကို ဥက္ကဋ္ဌအဖြစ် ပါဝင်စေပြီး မြန်မာ့မီးရထားမှ သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၂။ မြန်မာ့မီးရထားစီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့နှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ခွင့်ရှိသည်-

(က) မြန်မာ့မီးရထား ဝန်ထမ်းအဆင့်ဆင့်၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ နေထိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

(ခ) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်စေရေး ဝင်ငွေတိုးမြှင့်ရှာဖွေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်သည့် ရထားရဲတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများကို ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) မြန်မာ့မီးရထား၏ ရထားနယ်နိမိတ်၊ အဆောက်အအုံနှင့် ပရဝုဏ်အပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထိန်းသိမ်းစီမံခြင်းနှင့် မြန်မာ့မီးရထားပိုင် ရထားနယ်နိမိတ်များတွင် ကျူးကျော်ဆောက်လုပ်သော အဆောက်အအုံများကို ဥပဒေနှင့်အညီ ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်းနှင့် ကျူးကျော်သူများကို တရားစွဲဆိုအရေးယူခြင်း၊

(င) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လုပ်ငန်းလိုင်စင်

၁၃။ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ ရထားကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိပြီး ဖြစ်ရမည့်အပြင် သက်တမ်းရှိသည့် မှတ်ပုံတင်လက်မှတ် ရှိရမည်။

( ခ ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ မဖြစ်စေရ။

( ဂ ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ရထားလုပ်ငန်းစီမံချက်ဆိုင်ရာ အတည်ပြုချက် လက်မှတ်ရရှိပြီး ဖြစ်ရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များ၊ အခြားလိုအပ်ချက်များနှင့် ပြည့်စုံရမည်။

၁၄။ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီတစ်ခုခုသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက်ထားရာတွင်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် စီမံချက်ကို အောက်ပါအချက်များ ဖော်ပြ၍ သတ်မှတ်ချက်များနှင့်အညီရေးဆွဲပြီး ခွင့်ပြုချက်ရရှိရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ကြိုတင်၍ တင်ပြရမည်-

(၁) အဆိုပြု ရထားလမ်းအမျိုးအစားနှင့် ရထားပြေးဆွဲပုံစနစ်၊

(၂) အဆိုပြု ရထားပြေးဆွဲပုံစနစ်တွင် ယေဘုယျလမ်းကြောင်းနှင့် ခရီးလမ်းဆုံးနေရာ၊

(၃) အဆိုပြု ရထားပြေးဆွဲပုံ စနစ်တွင် ဘေးကင်းလုံခြုံမှု အနေအထား၊

(၄) အဆိုပြု ရထားခနှင့် ကုန်စည်သယ်ဆောင်ခများ၊

(၅) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သည့် အခြား လိုအပ်ချက်များ။

( ခ ) ပုဒ်မခွဲ (က) အရတင်ပြသည့် ရထားလုပ်ငန်း စီမံချက်ပါ ရထားလမ်းအတွက် မြေကို သိမ်းယူရန်လိုအပ်ပါက တည်ဆဲမြေသိမ်းခြင်းဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ သိမ်းယူရန်ရှိသည့် မြေနှင့်သက်ဆိုင်သော အချက်အလက်များကို ပူးတွဲတင်ပြ ရမည်။

၁၅။ စီမံရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြသော ရထားလုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို ပြည့်စုံစွာစိစစ်ပြီး စုံစမ်းစိစစ်ချက် အစီရင်ခံစာကို သဘောထား မှတ်ချက်နှင့်အတူ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၄ နှင့် ၁၅ တို့အရ တင်ပြချက်နှင့် စုံစမ်းစစ်ဆေးချက် အစီရင်ခံစာတို့ကို စိစစ်ပြီး ရထားလုပ်ငန်းစီမံချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်၍ တင်ပြစေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အတည်ပြုပါက တင်ပြသည့်ကုမ္ပဏီအား စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုချက် လက်မှတ်ထုတ်ပေးရမည်။

(ခ) အတည်ပြုထားသည့် ရထားလုပ်ငန်းစီမံချက်ပါ ရထားလမ်းအတွက် ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန် လိုအပ်ပါက ရထားလမ်းအတွက် လိုအပ်သောမြေ၏ ပိုင်ရှင်နှင့် ညှိနှိုင်း ဆောင်ရွက်ရန် ရထားလုပ်ငန်းစီမံချက် တင်ပြသည့် ကုမ္ပဏီအား တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တာဝန်ပေးခြင်းခံရသည့် ကုမ္ပဏီက ညှိနှိုင်းဆောင်ရွက်သော်လည်း မြေအသုံးပြုခွင့်ရသူက ငြင်းဆိုသည့်အခါ ရထားလမ်းအတွက် လိုအပ်သည့် မြေကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သိမ်းယူရေးအတွက် တည်ဆဲမြေသိမ်းခြင်း ဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းယူနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုသို့ မြေကိုသိမ်းယူသည့်အခါ ပေးလျော် ရမည့် လျော်ကြေးကို ရထားလုပ်ငန်းစီမံချက် တင်ပြသည့် ကုမ္ပဏီက မြေအသုံးပြုခွင့် ရသူအား ပေးစေရမည်။

၁၇။ (က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ရထားကုမ္ပဏီသည် ပုဒ်မ ၁၃ ပါ အချက် အလက်များ ပြည့်စုံပါက လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် လျှောက်ထား ချက်ကို စိစစ်ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်ချက်များနှင့် ပြည့်စုံမှု ရှိ မရှိ၊ ရထားလုပ်ငန်းစီမံချက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိနှင့် လုပ်ငန်း လိုင်စင်ထုတ်ပေးရန် သင့်မသင့် သဘောထားမှတ်ချက် တင်ပြစေရန် စီမံရေးအဖွဲ့အား တာဝန်ပေးအပ်ရမည်။

၁၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက်ထားချက်နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ စီမံရေးအဖွဲ့က တင်ပြသည့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် လိုအပ်ချက်များ ပြန်လည်ပြုလုပ်၍ တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၉။ (က) ရပ်နားစခန်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၂၀။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကိုသတ်မှတ်၍ လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၂၁။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း မပြုရ။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာရမည်။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လိုက်နာရမည့်တာဝန် တစ်ရပ်ရပ်ကိုသော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်းနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၆)
## ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ခွင့်

၂၃။ မြန်မာ့မီးရထားသည် အများပြည်သူသွားလာရေး ပိုမိုလွယ်ကူ ချောမွေ့အဆင်ပြေစေရန်နှင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရထားကုမ္ပဏီများနှင့် ပူးပေါင်း၍ တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOT=Build-Operate-Transfer) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOOT=Build-Own-Operate-Transfer) ဖြင့်ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်စနစ် (BOO=Build-Own-Operate)ဖြင့် ဖြစ်စေ၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်းစနစ် (BLT=Build-Lease-Transfer)ဖြင့်ဖြစ်စေ၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် (DBFO=Design-Build-Finance-Operate) ဖြင့်ဖြစ်စေ၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ် (DCMF=Design-Construct-Manage-Finance) ဖြင့်ဖြစ်စေ၊ အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်ဖြင့်ဖြစ်စေ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြနိုင်သည်။

၂၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၃ အရ မြန်မာ့မီးရထား၏ တင်ပြချက်ကိုစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မြန်မာ့မီးရထား၏ တင်ပြချက်ကို ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရထားအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲပိုင်ခွင့်ရှိသော သို့မဟုတ် ပိုင်ဆိုင်သောမြေ၊ အဆောက်အအုံနှင့် ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အောက်ပါ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်-

(က) မြေငှားရမ်းခြင်း၊

(ခ) အဆောက်အအုံတည်ဆောက်ခြင်း၊ ငှားရမ်းခြင်း၊

(ဂ) ရထားတွဲ၊ တွဲဆိုင်း၊ စက်ခေါင်း၊ သံလမ်းယာဉ်၊ ဆက်သွယ်ရေး လိုင်းကြိုးများ၊ စက်ရုံ အလုပ်ရုံ၊ စက်ကိရိယာ၊ ယာဉ်ယန္တရားနှင့် ပစ္စည်းများ ငှားရမ်းခြင်း၊

(ဃ) မိမိတို့ တည်ဆောက်သော တံတားဖြတ်သန်းခများ ကောက်ခံခြင်း၊

(င) ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ငွေလဲလှယ်ခြင်းလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ အကြံပေးလုပ်ငန်း၊ ကွန်တိန်နာစခန်းနှင့် ကုန်းတွင်းဆိပ်များ တည်ဆောက်ရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ အငှားယာဉ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ကူးတို့လုပ်ငန်း၊ ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ရထားတွဲ၊ စက်ခေါင်း၊ တံတားဘောင်နှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊

(ဆ) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းကို အသုံးချ၍ အခြားစီးပွားရေး လုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ လုပ်ကိုင်ခြင်း။

## အခန်း(၇)

## ရထားပို့ဆောင်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း

၂၆။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်း လုံခြုံချောမွေ့စေရေးအတွက် စစ်ဆေးရေး အရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများကို ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများဖြင့် စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို တင်ပြစေနိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ ခန့်အပ်ထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများနှင့် ဖွဲ့စည်း ထားသည့် စစ်ဆေးရေးအဖွဲ့များသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရထား၊ ရထားလမ်းနယ်မြေနှင့် ရထားလမ်းယာဉ်များအပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများပေါ်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် လိုအပ်သည့် အထောက် အထားစာရွက်စာတမ်းများအား လိုအပ်သည့် အချိန်အခါများတွင် တင်ပြစေခြင်း၊

(ခ) ရထားလမ်းများ သို့မဟုတ် ရထားလမ်းယာဉ်များ စံချိန်စံညွှန်း ညီညွတ်ခြင်း ရှိ မရှိ အချိန် ကာလသတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊

(ဂ) ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုအား ဆောလျင်စွာ စုံစမ်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာတင်ပြခြင်း၊

(ဃ) ရထား၊ ရထားလမ်း၊ ရထားလမ်းယာဉ်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတို့ကို ရှောင်တခင် စစ်ဆေးခြင်းနှင့် အစီရင်ခံစာ တင်ပြခြင်း၊

(င) ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်ခြင်း။

## အခန်း(၈)

## ရထားလုပ်ငန်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

၂၈။ ရထားအဖွဲ့အစည်းသည် အများပြည်သူအကျိုးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) မြေပေါ်၊ မြေအောက်၊ရေပေါ်၊ ရေအောက်မည်သည့်နေရာတွင်မဆို ဆင်ခြေလျှော၊ ပေါင်းကူး၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ တာပေါင်၊ ရေသွယ်တံတား၊ တောင်ကူးတံတား၊ လမ်းတံတား၊ ရထားလမ်း၊ လူသွားလမ်း၊ ပြွန်၊ မြောင်း၊ တံတားတိုင်၊ တူးပေါင်နှင့် ခြံစည်းရိုးများကို ယာယီ သို့မဟုတ် အမြဲတမ်းအဖြစ် တည်ဆောက်ခြင်း၊

(ခ) ဥမင်လိုဏ်ခေါင်းများ၊ တံတားများ၊ လူသွားလမ်းများနှင့် အခြားလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ ထိန်းသိမ်းရန်အတွက်သော်လည်းကောင်း၊ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာကို ပြောင်းလဲပစ်ခြင်းအပြင် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟုယူဆပါက ရထားလမ်း အထက်၊ အောက်၊ ဝဲ၊ ယာတို့မှ လွယ်လင့်တကူ စီးဆင်းသွားနိုင်ရန်အလို့ငှာ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာတို့ကို ပြောင်းလဲပစ်ခြင်းနှင့် လမ်းအမျိုးအစား အမျိုးမျိုးတို့၏ မျက်နှာပြင် အနေအထားကို မြှင့်တင်ခြင်း၊ နှိမ့်ချခြင်း၊

(ဂ) ရထားလမ်းမှ သို့မဟုတ် ရထားလမ်းသို့ ရေသွယ်ထုတ်ယူနိုင်ရန်အတွက် ရထားမြေနှင့် ဆက်စပ်လျက်ရှိသော အခြားမြေ၏ အတွင်းသို့ဖြစ်စေ၊ အောက်မှဖြစ်စေ၊ ဖြတ်၍ဖြစ်စေ ရေမြောင်း၊ ရေပိုက်များသွယ်တန်းခြင်း၊

(ဃ) သိုလှောင်ရုံများ၊ ရုံးခန်းများ၊ လူနေအိမ်များနှင့် အခြားအဆောက်အဦများ၊ တွဲစီဝင်းများ၊ ဘူတာများ၊ စက်ရုံများ၊ ဆိပ်ခံတံတားများ၊ ရထားများ၊ ရထားလမ်းယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟု ယူဆသော အခြားလုပ်ငန်းများကို တပ်ဆင်တည်ဆောက်ခြင်း၊

(င) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တည်ဆဲဥပဒေနှင့်အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊

(စ) ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေများဖြန့်ဖြူးသည့် ပိုက်လိုင်း၊ လျှပ်စစ်ကြိုးနှင့် ဆက်သွယ်ရေးကြိုးတို့၏ အနေအထား၊ ပင်မမြောင်း မဟုတ်သည့် ရေမြောင်း အနေအထားတို့ကို ရွှေ့ပြောင်းခြင်း။

၂၉။ ရထားအဖွဲ့အစည်းသည်-

(က) ပုဒ်မ ၂၈ နှင့်အညီ ဆောင်ရွက်ခြင်းမပြုမီ ဆောင်ရွက်မည့် ရည်ရွယ်ချက်နှင့် အကြောင်းကိစ္စကို ဖော်ပြ၍ ကန့်ကွက်ရန်ရှိပါက တင်ပြနိုင်ရန် မြေအသုံးပြုခွင့်ရသူ သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူထံသို့ အကြောင်းကြားစာ ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာတွင် မိမိတို့ဆောင်ရွက်မည့် လုပ်ငန်း သဘာဝနှင့် အတိုင်းအတာကို အတတ်နိုင်ဆုံး တိကျပြည့်စုံစွာ ဖော်ပြပေးရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ပေးသော အကြောင်းကြားစာ၏ မိတ္တူကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ပေးရမည်။

၃၀။ (က) ပုဒ်မ ၂၉ အရ ရထားအဖွဲ့အစည်းကပေးပို့သော ကြိုတင်အကြောင်းကြားစာ ရရှိသော အခါ ကြိုတင်အကြောင်းကြားစာ ရရှိသော အစိုးရဌာန၊ အဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်း၊ ရထားကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကတို့သည် ထိုလုပ်ငန်းဆောင်ရွက်မှုတွင် ကန့်ကွက်ချက် တင်ပြရန်၊ ညှိနှိုင်းဖြေရှင်းရန် သို့မဟုတ် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ရန် မိမိဌာန၊ အဖွဲ့အစည်း၏ ကိုယ်စားလှယ်ကို စေလွှတ်ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) ရထားအဖွဲ့အစည်းသည် ပုဒ်မခွဲ (က) အရ စေလွှတ်သော ကိုယ်စားလှယ်၏ တင်ပြချက်ကို အလေးထားပြီးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည့်အပြင် လုပ်ငန်းဆောင်ရွက်ချိန် တစ်လျှောက်လုံးတွင်လည်း ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေ ပေးပို့သည့် ပိုက်လိုင်း၊ လျှပ်စစ် ဓာတ်အား၊ ဆက်သွယ်ရေးစနစ် အဆက်မပြတ် ရရှိစေရန်နှင့် ရေစီးမြောင်း ဆက်လက် ထိန်းသိမ်းထားနိုင်စေရန် အစီအစဉ်များ ပြုလုပ်ထားရှိရမည်။

၃၁။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး လိုင်းကြိုး သို့မဟုတ် ကြိုးမဲ့စက်ကိရိယာများနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများကို အသုံးပြု ရာတွင်-

(က) ကြိုးမဲ့ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုဆက်သွယ်ရေးစက်များကို တည်ဆဲဥပဒေများနှင့် အညီ လိုက်နာအသုံးပြုရမည်။

( ခ ) ရထားပို့ဆောင်ရေးလုပ်ငန်း အကျိုးငှာ ရထားနယ်နိမိတ်တွင် ဆက်သွယ်ရေး လိုင်းကြိုးများ ဖြစ်သည့် ကြေးနန်းကြိုး၊ သွပ်ရည်သုတ်သံနန်းကြိုး၊ ဖန်ချည်မျှင် ဆက်သွယ်ရေးကြိုး များအား မြေပေါ်မှလည်းကောင်း၊ မြေအောက်မှလည်းကောင်း သွယ်တန်းအသုံးပြုရာ၌ ရထားအဖွဲ့အစည်း အစီအစဉ်ဖြင့် ဆက်သွယ်ရေး လိုင်းကြိုးအသစ်များ သွယ်တန်း တည်ဆောက်ခြင်း၊ အသုံးပြုဆဲ လိုင်းကြိုးများကို ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ပြုလုပ် နိုင်သည်။

၃၂။ ရထားအဖွဲ့အစည်းသည်-

(က) မြေပြိုခြင်းနှင့် အခြားမတော်တဆမှုများ ဖြစ်ပွားသည့်အခါတွင်ဖြစ်စေ၊ မိမိကြီးကြပ်မှု အောက်တွင်ရှိသော မြေတူးမြေဖို့ပြုလုပ်ထားသော ရထားလမ်းနှင့် အခြားလုပ်ငန်းများ၌ မတော်တဆမှု ဖြစ်နိုင်ကြောင်း ကြိုတင်သိရှိသည့်အခါတွင်ဖြစ်စေ မတော်တဆမှုကို

ကြိုတင်ကာကွယ်ရန်နှင့် ပြုပြင်နိုင်ရန်အတွက် ရထားနယ်နိမိတ်နှင့် ဆက်စပ်နေသည့် မြေနေရာတစ်ခုခုအတွင်းသို့ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်၍ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို အရေးပေါ်ပြုပြင်ရန်လိုအပ်ပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လိုအပ်သည့်လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ခွင့်ရှိပြီး ယင်းသို့ဆောင်ရွက်ခြင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိရန် ဖြစ်ပွားမှုသို့မဟုတ် ဖြစ်ပေါ်လာနိုင်သော မတော်တဆမှု အခြေအနေသဘာဝနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို ဖော်ပြ၍ စတင်ဝင်ရောက် ဆောင်ရွက်ချိန်မှ ၂၄ နာရီ အတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၃၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) အရ ရထားအဖွဲ့အစည်း၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ပြီး ယင်းတို့၏အရေးပေါ်လုပ်ငန်းသည် အများပြည်သူအတွက် အန္တရာယ်ဖြစ်ရန် အကြောင်းမရှိပါက ယင်းသို့ဆောင်ရွက်မှုကို ရပ်ဆိုင်းစေနိုင်သည်။

၃၄။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၃၂ ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်-

(က) အပျက်အစီး နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

(ခ) ရထားလမ်း ဖောက်လုပ်ရေးအတွက် တာဘောင်တိုင်းတာခြင်း သို့မဟုတ် မြေဖို့ခြင်းပြုနေစဉ်ဖြစ်စေ၊ ပြုလုပ်ပြီးချိန်၌ဖြစ်စေ ရထားလမ်း ဖြတ်သန်းဖောက်လုပ်သည့် မြေနေရာရှိ သက်ဆိုင်သူများ ထိခိုက်နစ်နာမှုနှင့် အဆင်မပြေမှု အနည်းဆုံးဖြစ်စေရန် လုပ်ဆောင်ပေးရမည်။

(ဂ) အပျက်အစီးများရှိပါက နစ်နာသူကို လျော်ကြေးပေးရမည်။

(ဃ) လျော်ကြေးငွေပမာဏနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက လျော်ကြေးရခွင့်ရှိသူက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားပိုင်ခွင့်ရှိသည်။

၃၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အငြင်းပွားမှုကိုစိစစ်ပြီး တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျော်ကြေးငွေပမာဏကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်းက နစ်နာသူ မြေအသုံးပြုခွင့်ရသူအား ပေးလျော်စေရမည်။

၃၆။ ရထားအဖွဲ့အစည်းသည် ရထားလမ်းဖောက်လုပ်ခြင်းကြောင့် မြေအနေအထား ပြောင်းလဲခြင်း၊ ရေစီးရေလာပြောင်းလဲခြင်းတို့ကြောင့် ယင်းမြေနှင့်စပ်ဆိုင်သော မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများအတွက် အန္တရာယ် သို့မဟုတ် အဆင်မပြေမှု ကြုံတွေ့ရခြင်း၊ မြေအသုံးပြုခွင့်ရသူနှင့်

ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရထားလမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အဆင်မပြေမှုများကို လျော့ပါးသက်သာစေရန်နှင့် ပပျောက်စေရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲ၊ ယာတို့တွင် ခုံးကျော်များ၊ တံတားများ၊ ပေါင်းကူးတံတားများ၊ ရေပြွန်များနှင့် လူသွားလမ်း တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ခ) ရထားလမ်းမဖောက်လုပ်မီက ရှိခဲ့သည့် အခြေအနေအတိုင်း ရေများ အနီးစပ်ဆုံး စီးဆင်းသွားနိုင်ရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲ၊ ယာ သင့်ရာနေရာများတွင် လိုအပ်သည့် အရွယ်အစားရှိ ပေါင်းကူး တံတား၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ မြောင်းများ၊ ရေမြောင်းများနှင့် အခြားလမ်းများ တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ရထားသွားလာပြေးဆွဲရေးကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူရန် သဘောတူ၍ လျော်ကြေးကို လက်ခံရယူပြီးဖြစ်လျှင်လည်းကောင်း ထိုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် တာဝန်မရှိစေရ။

၃၇။ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သော အချိန်ကာလအတွင်း အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ရထားလမ်း သို့မဟုတ် ရထားလမ်းအစိတ်အပိုင်းတစ်ခုခု၌ သော်လည်းကောင်း၊ ဆက်စပ်နေသောလမ်းများကိုသော်လည်းကောင်း နယ်ခြားအမှတ်အသားများ သို့မဟုတ် ခြံစည်းရိုးများကို ပြုလုပ်စေခြင်း၊ ပြင်ဆင်စေခြင်း၊

(ခ) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖြတ်သန်းဖောက်လုပ်ရလျှင် သင့်လျော်သော တံတားများ၊ သံကြိုးများ၊ ဆုံလည်အတားအဆီးများ၊ တန်းများ သို့မဟုတ် လက်ရမ်းများတပ်ဆင်ခြင်း၊ အသစ်လဲလှယ်ခြင်းနှင့် တပ်ဆင်ထားသော ကိရိယာများကို ဖွင့်ပိတ်ခြင်း ဆောင်ရွက်ရေးအတွက် အမြဲတမ်းဝန်ထမ်းများခန့်အပ်ရန် ဆောင်ရွက်ခြင်း။

၃၈။ ရထားအဖွဲ့အစည်းသည်-

(က) ရထားလမ်းအနီး ရထားလမ်းမြေပြင်ပတွင် ပေါက်ရောက်နေသည့် သစ်ပင်က ရထားလမ်းပေါ်သို့ လဲကျပိတ်ဆို့သွားမည့် အန္တရာယ်ရှိလျှင်ဖြစ်စေ၊ မြေစိုက်အချက်ပြ၏ မြင်ကွင်းကို ပိတ်ဆို့နေလျှင်ဖြစ်စေ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများသို့ အကြောင်းကြား၍ မိမိအစီအစဉ်ဖြင့် ထိုသစ်ပင်ကို ခုတ်လှဲဖယ်ရှားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ခုတ်လှဲဖယ်ရှားလိုက်ရသည့်အပင်မှာ ရထားလမ်းမဖောက်လုပ်မီက ဖြစ်စေ၊ မြေစိုက် အချက်ပြမစိုက်ထူမီကဖြစ်စေ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်ဖြစ်ပြီး ပိုင်ရှင်ကလျှောက်ထားလျှင် သင့်လျော်သည့်လျော်ကြေးကို ဆုံးဖြတ်၍ပေးပိုင်ခွင့်ရှိသည်။

၃၉။ ရထားလမ်း ဖြတ်သန်းတည်ဆောက်ထားသော မြေအသုံးပြုခွင့်ရသူ သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူများကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူကဖြစ်စေ ရထားအဖွဲ့အစည်း၏ ဆောင်ရွက်ပေးမှုများသည် လုံလောက်မှုမရှိဟုယူဆလျှင်သော်လည်းကောင်း၊ အခြားဝန်ကြီးဌာန သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူက အဆိုပါရထားလမ်းက ဖြတ်၍ဖြစ်စေ၊ အပေါ်မှ ဖြစ်စေ၊ အောက်မှဖြစ်စေအများပြည်သူ သုံးလမ်း သို့မဟုတ် အခြားလုပ်ငန်းများကို လုပ်ကိုင်ပေးစေ လိုလျှင်သော်လည်းကောင်း ရထားလမ်းဖောက်လုပ်ပြီးစီးချိန်မှစ၍ ခြောက်နှစ်အတွင်း ရထားအဖွဲ့ အစည်းထံ တောင်းဆိုနိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ တောင်းဆိုချက်များအနက် ရထားအဖွဲ့အစည်းက သဘောတူသည့် လုပ်ငန်းအတွက် ကုန်ကျစရိတ်ကို လုပ်ငန်းတောင်းဆိုသူ သို့မဟုတ် ရထားအဖွဲ့အစည်းက ကျခံရမည်ဖြစ်ရာ ညှိနှိုင်းမှုတွင် သဘောတူညီမှုမရပါက ဝန်ကြီးဌာန၏စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖောက်လုပ်ရသည့်အခါ ပြည်သူတို့ ကူးဖြတ်ရာ၌ ဘေးအန္တရာယ်မဖြစ်စေရန် ရထားလမ်းအောက် သို့မဟုတ် အထက်မှ တံတားဖြစ်စေ၊ ပေါင်းကူးဖြစ်စေ သင့်တော်ရာကို စီစဉ်ဆောင်ရွက်ရန် ရထားအဖွဲ့အစည်းအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရထားအဖွဲ့အစည်းက စီစဉ်ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ရထားအဖွဲ့အစည်းသို့ ပေးဆောင်စေရန် ထိုလမ်းကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူသို့ အကြောင်းကြားနိုင်သည်။

## အခန်း(၉)

## ရထားလမ်းများ အသစ်ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ပြောင်းလဲပြေးဆွဲခြင်းနှင့် တိုးချဲ့ခြင်း

၄၂။ ရထားအဖွဲ့အစည်းသည်-

(က) အများပြည်သူဆိုင်ရာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရန် သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ပြည့်စုံပြီး ရထားလမ်းသစ် ဖွင့်လှစ်လိုသည့်အခါ ဖွင့်လှစ်မည့်ရက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံးတစ်လကြိုတင်၍ ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းမှာ အများပြည်သူနှင့် ကုန်စည်များကို သားအန္တရာယ်ကျရောက်စေနိုင်သည့် အခြေအနေဖြစ်ပေါ်ပါက ထိုသို့ဖြစ်ပေါ်သည့်နေ့မှစ၍ ခိုင်လုံသော အထောက်အထားဖြင့် ရထားလမ်းကို ပိတ်ခွင့်ပြုရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ ခွင့်ပြုချက်တောင်းခံရမည်။

(ဂ) မတော်တဆမှုကြောင့်ဖြစ်စေ၊ ရာသီဥတုဆိုးရွားခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ရထားပြေးဆွဲ၍ မရသည့်အခါ ရထားပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်း၍ အမြန်ပြုပြင်ရမည်။ ထိုသို့ ရပ်ဆိုင်းထားကြောင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ အကြောင်းကြားပြီး ရထားလမ်း ခေတ္တပိတ်ခွင့်ပြုရန် ခွင့်ပြုချက်တောင်းခံရမည့်အပြင် ပြုပြင်ပြီးပြန်လည်ပြေးဆွဲနိုင်မည့် အခြေအနေကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းကို တိုးချဲ့ရန်ရှိသည့်အခါတွင်ဖြစ်စေ၊ လမ်းကြောင်းပြောင်းလဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားအချိန်စာရင်း ပြောင်းလဲပြေးဆွဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားခရီးစဉ် ပြောင်းလဲပြေးဆွဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ စနစ်မတူသော ရထားလမ်းယာဉ်များကို ပြောင်းလဲ၍ ပြေးဆွဲရန်ရှိသည့်အခါတွင်ဖြစ်စေ ထိုသို့မပြုလုပ်မီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံရမည်။

၄၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၄၂ ပါ အကြောင်းတစ်ရပ်ရပ်အရ ခွင့်ပြုချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဆောလျင်စွာ တင်ပြရန် စီမံရေးအဖွဲ့၊ သက်ဆိုင်ရာစစ်ဆေးရေးအရာရှိ၊ စစ်ဆေးရေးမှူးနှင့် ကျွမ်းကျင်သည့် အင်ဂျင်နီယာတို့ကို တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြသည့် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ရထားလမ်း ခေတ္တပိတ်ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြောင်းလဲ၍ ပြေးဆွဲခြင်း သို့မဟုတ် ပြုပြင်တိုးချဲ့ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၄၄။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ဖြင့် ရထားလမ်းနှင့် ရထားလမ်းယာဉ်များကို ပြန်လည်အသုံးပြုပြေးဆွဲရာတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း(၁၀)
## ပို့ဆောင်ရေး လွယ်ကူချောမွေ့ အဆင်ပြေစေရေး

၄၅။ ရထားအဖွဲ့အစည်းသည်-

(က) ခရီးသည်နှင့် ကုန်စည်များကို လက်ခံခြင်း၊ ဆက်လက်ပို့ဆောင်ပေးခြင်း ပြုနိုင်ရေးအတွက် ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ကုန်စည်အမျိုးအစားကိုဖြစ်စေ မမျှမတ သို့မဟုတ် မလျော်မကန် ဦးစားပေးခြင်း သော်လည်းကောင်း၊ အခွင့်အရေးပေးခြင်း သို့မဟုတ် ဘက်လိုက်ခြင်း သော်လည်းကောင်း၊ အကျိုးယုတ်စေခြင်း သော်လည်းကောင်း ဖြစ်ပေါ်နိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာမပြုလုပ်ရ။

(ဂ) ရထားအဖွဲ့အစည်းအချင်းချင်း ရထားလမ်း ဆက်စပ်လျက်ရှိလျှင် သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခု၏ လမ်းဆုံးဘူတာသည် အခြားရထားအဖွဲ့အစည်းတစ်ခု၏ ဘူတာနှင့် နှစ်ကီလိုမီတာခန့် ကွာဝေးလျှင် ရထားအဖွဲ့အစည်းတို့သည် ပုဒ်မခွဲ (က)နှင့် (ခ) တို့နှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေစွာ ပို့ဆောင်ပေးရမည်။

(ဃ) တစ်ဘက် ရထားအဖွဲ့အစည်းက ယင်းတို့၏ ကုန်စည်များကို တောက်လျှောက် သယ်ပို့ခနှုန်းဖြင့် တစ်ဘက်နှင့်တစ်ဘက် ကူးပြောင်းသယ်ယူ ပို့ဆောင်ပေးရန် ရှိသည့်အခါ ယင်းကုန်စည်များကို လက်ခံခြင်း၊ ပို့ဆောင်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင်ပြေချောမောစွာပြုလုပ်နိုင်ရန် ရထားအဖွဲ့အစည်း အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

(င) ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ အဆင်မပြေပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရမည်။

၄၆။ ရထားအဖွဲ့အစည်းသည် ကုန်စည်များထားသိုရန် ဝန်ဆောင်ခကောက်ခံရာတွင် ဆောက်လုပ်ပေးရသည့် အဆောက်အအုံများအတွက် အမှန်တကယ် ကုန်ကျခဲ့သည့် ကုန်ကျငွေအပေါ်တွင် အခြေမခံဘဲ လက်ရှိလက်ခံထားသည့် ကုန်စည်များအတွက် ကုန်ကျနိုင်သည့် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်ငွေကို အခြေခံ၍ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် ဝန်ဆောင်ခကို ကောက်ခံနိုင်သည်။

## အခန်း(၁၁)
## ရထားဝန်ထမ်းများဆိုင်ရာ အလုပ်ချိန်သတ်မှတ်ချက်များ

၄၇။ ရထားအဖွဲ့အစည်းတွင် လုပ်ငန်းသဘာဝအရ ရထားဝန်ထမ်းများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည်-

(က) ရုံးချိန်အတွင်း တာဝန်ထမ်းဆောင်ရသော ရုံးဝန်ထမ်းများ၊

(ခ) စက်ရုံနှင့် အလုပ်ရုံဝန်ထမ်းများ၊

(ဂ) ရထားခရီးစဉ်ဇယားအလိုက် တာဝန်ထမ်းဆောင်ရသူများ၊

(ဃ) လုပ်ငန်းသဘာဝအရ တာဝန်ထမ်းဆောင်သူများ။

၄၈။ (က) ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) ပါ ဝန်ထမ်းများသည် အလုပ်ရုံများဥပဒေနှင့် ထိုဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရမည်။

(ခ) ပုဒ်မ ၄၇ ၊ ပုဒ်မခွဲ (ဂ) ပါဝန်ထမ်းများကို-

(၁) မည်သည့်လတွင်မဆို တစ်ပတ်လျှင် အလုပ်လုပ်ချိန် နာရီ ၆၀ ထက် ကျော်လွန်ခြင်း မရှိစေရ။

(၂) ရက်သတ္တပတ်တိုင်း တစ်ဆက်တည်း နှစ်ဆယ့်လေးနာရီထက်မနည်း နားချိန် ပေးရမည်။

၄၉။ အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ရစေကာမူ ဝန်ထမ်းတာဝန်ထမ်းဆောင်ရသော အချိန် ကာလတွင် ကိုယ်ကာယအားထုတ်ရမှုနှင့် ဉာဏအားစိုက်ထုတ် ဆောင်ရွက်ရမှုမရှိသော ကာလများ ပါဝင်မှုကြောင့် လုပ်ငန်းသဘာဝအရ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခြင်း မပြုရသူဟု အခွင့် အာဏာပိုင်က သတ်မှတ်သောဝန်ထမ်းများအတွက် အလုပ်လုပ်ချိန်နှင့် အနားယူချိန်ကို အောက်ပါ အတိုင်း သတ်မှတ်သည်-

(က) မည်သည့်သီတင်းပတ်တွင်မဆို အလုပ်ချိန် စုစုပေါင်း ၈၄ နာရီထက် ကျော်လွန်ခြင်း မရှိစေရ။

(ခ) တစ်ပတ်အတွင်း တစ်ဆက်တည်း အနားယူခွင့်ကာလကို ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးနိုင်သည်။

၅၀။ ရထားမတော်တဆမှုဖြစ်ပွားခြင်း၊ စက်ခေါင်း၊ တွဲ၊ ယာဉ်နှင့် စက်ကိရိယာများ အရေးတကြီး ပြုပြင်မွမ်းမံရခြင်း၊ မမျှော်လင့်သော အရေးပေါ် အခြေအနေဖြစ်ပွားခြင်းတို့ရှိပါက ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သည့် အလုပ်လုပ်ချိန်ထက် ကျော်လွန်နိုင်သကဲ့သို့ ခွင့်ပြုသည့် အနားယူချိန်ကိုလည်း လျှော့ချနိုင်သည်။

၅၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) ပါဝန်ထမ်းများအတွက် သင့်တင့်မျှတသော အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ ခံစားနိုင်စေရန် ရထားစင်းရေနှင့် လုပ်ငန်းပမာဏ များပြားမှုကို စစ်ဆေးရေးအဖွဲ့ဖြင့် အခါအားလျော်စွာစိစစ်၍ အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ကို ပြင်ဆင်နိုင်ရန် လည်းကောင်း၊ လိုအပ်ပါက ဝန်ထမ်းဦးရေ ပြင်ဆင်ဖွဲ့စည်းနိုင်ရန်လည်းကောင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၁၂)

## ရထားအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၂။ ရထားအဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်စည်လက်ခံ သိုလှောင်သိမ်းဆည်းထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ် ဖြစ်စေတတ်သော ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊ ခရီးသည်ဆိုင်ရာကိစ္စရပ်များ၊ အမြန်နှုန်းသတ်မှတ်ခြင်းနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များအတွက် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(ခ) ဤဥပဒေပါ စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် ပြစ်မှုကြောင်းအရ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ခြင်း။

၅၃။ ရထားအဖွဲ့အစည်းများသည် ရထားပြေးဆွဲရေးအတွက် အသုံးပြုမည့် စက်ခေါင်း၊ တွဲ၊ စက်ရုံ၊ စက်ပစ္စည်း တည်ဆောက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်း တစ်ခုခုနှင့် သဘောတူစာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ရှိသည်။

၅၄။ ရထားအဖွဲ့အစည်းများသည် ရထားလမ်းတစ်ခုခုကို စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးချခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်း တစ်ခုခုနှင့် သဘောတူ စာချုပ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၅၅။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်ကို ရေးဆွဲပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထိုသို့ရေးဆွဲရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် ညီညွတ်စေရမည်။

၅၆။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံငွေ၊ ဝင်ငွေနှင့် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်သွင်းရမည်။

## အခန်း(၁၃)
## ကုန်စည် သယ်ယူပို့ဆောင်ခြင်း

၅၇။ ကုန်စည်အပ်နှံသူသည်-

(က) မိမိ၏ကုန်စည်အမျိုးအမည်စာရင်းကို စာဖြင့်ရေးသား၍ မိမိအပ်နှံမည့်ဘူတာရှိ သက်ဆိုင်ရာဝန်ထမ်းသို့ ပေးအပ်သည့် ကုန်စည်စာရင်းမိတ္တူကို လက်ဝယ်တွင်ထားရှိရမည်။

( ခ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကုန်စည်များ၊ သတ်မှတ်ချက်များနှင့် မညီသည့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်များ၊ အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာ ကုန်စည်များနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းကဖြစ်စေ တားမြစ်ထားသည့် ကုန်စည်များကို အပ်နှံခြင်းမပြုရ။

၅၈။ သက်ဆိုင်ရာ ရထားဝန်ထမ်းသည်-

(က) ကုန်စည်လက်ခံခြင်း၊ စစ်ဆေးခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းများကို ကုန်စည်သယ်ယူပို့ဆောင်မှုဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) ရထားပေါ်ရှိ ပိုင်ရှင်မဲ့ ကုန်စည်များကို သင့်လျော်သလို စီမံခန့်ခွဲနိုင်သည်။

၅၉။ ရထားအဖွဲ့အစည်းများသည် ကုန်စည်သယ်ဆောင်ရသည့်အတွက် ရထားတန်ဆာခ၊ ကုန်လှောင်ရုံခ၊ ဝန်ဆောင်ခ၊ ကြန့်ကြာကြေးအတွက် ကုန်ဒဏ်၊ တွဲဒဏ်နှင့် အခြားကုန်ကျ စရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိသည်။

## အခန်း(၁၄)
## ခရီးသည် သယ်ယူပို့ဆောင်ခြင်း

၆၀။ ရထားအဖွဲ့အစည်းများသည်-

(က) ပြေးဆွဲမည့် ရထားအဆင့်အတန်းနှင့် ညီညွတ်သည့်တွဲများ၊ ဝန်ဆောင်မှုများဖြင့် ခရီးသည် သယ်ယူပို့ဆောင်ရမည်။

( ခ ) ဘူတာများတွင် ခရီးသည်များသိရှိစေရန် ရထားအချိန်စာရင်းများ၊ လက်မှတ်ခနှုန်းထားများ၊ အသိပေးဆိုင်းဘုတ်များ ထားရှိခြင်းနှင့် ကြေညာခြင်းများ ဆောင်ရွက်ရမည်။

( ဂ ) ဘူတာများတွင် ရထားစီးခရီးသည်ပမာဏနှင့် သင့်တင့်လျောက်ပတ်သည့် အများသုံး သန့်ရှင်းသော ရေအိမ်သာများ ထားရှိရမည်။

(ဃ) ကူးစက်တတ်သည့် ရောဂါရှိသော ခရီးသည်ကို အထူးခွင့်ပြုချက်ဖြင့် တာဝန်ရှိရထားဝန်ထမ်းက သီးသန့်တွဲတွင် သီးခြားနေရာ ခွဲခြားစီစဉ်ပေးနိုင်သည်။

(င) ရထားခရီးစဉ်အတွင်း ခရီးသည်များ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

(စ) ရထားစီးခရီးသည် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကို လည်းကောင်း ဆောင်ရွက်ရမည်။

၆၁။ ရထားစီးခရီးသည်များသည် ရထားလက်မှတ်နှင့်စပ်လျဉ်း၍ တားမြစ်ချက်များ၊ စည်းကမ်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း(၁၅)
## ရထားအဖွဲ့အစည်းများ၏ ပို့ဆောင်ရေးဆိုင်ရာ တာဝန်များ

၆၂။ ရထားဖြင့် ပို့ဆောင်ပေးရန် ရထားအဖွဲ့အစည်းအား အပ်နှံထားသော ကုန်စည်များ ပျောက်ဆုံးခြင်း၊ ယိုယွင်းပျက်စီးခြင်း၊ တိရစ္ဆာန်များပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေကြေခြင်းများရှိခဲ့လျှင် ရထားအဖွဲ့အစည်းသည် ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ တည်ဆဲပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၅၁ ၊ ၁၅၂ နှင့် ၁၆၁ တို့ပါ ပြဋ္ဌာန်းချက်များအရ ခေတ္တအပ်နှံခြင်းခံရသူ၏ တာဝန်များအတိုင်း ဆောင်ရွက်ရမည်။

၆၃။ ရထားအဖွဲ့အစည်းအား ရထားဖြင့်ပို့ဆောင်ပေးရန် အပ်နှံသောကုန်စည်များ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ နှောင့်နှေးကြန့်ကြာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းတို့အတွက် အထောက်အထားခိုင်လုံစွာဖြင့် လျော်ကြေးတောင်းခံနိုင်သည်။

၆၄။ လက်ဆွဲတန်ဆာ ပြုလုပ်ထားခြင်းမရှိသော ခရီးသည်နှင့်အတူ သယ်ဆောင်လာသည့်ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းရှိခဲ့လျှင် ရထားအဖွဲ့အစည်းက ပေးလျော်ရန် တာဝန်မရှိစေရ။

၆၅။ အဖိုးတန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ နှုန်းထားကောက်ခံခြင်း၊ ပျက်စီးမှု၊ ပျောက်ဆုံးမှုအတွက် လျော်ကြေးတောင်းခံခြင်းဆိုင်ရာ ကိစ္စများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၆၆။ ကုန်စည်များကို ရထားဖြင့် ပို့ဆောင်ရာတွင် ကျသင့်သည့် တန်ဆာခထက် ပိုမိုကောက်ခံခဲ့သည့်ငွေကိုလည်းကောင်း၊ ပို့ဆောင်ရန်အပ်နှံသည့် ကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်းနှင့် ယိုယွင်းပျက်စီးခြင်းတို့အတွက် လျော်ကြေးငွေကိုလည်းကောင်း တောင်းခံလိုသူသည် အပ်နှံသည့်နေ့မှ ခြောက်လအတွင်း ရထားအဖွဲ့အစည်းထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှ တစ်ဆင့်ဖြစ်စေ စာဖြင့် တရားဝင်ရေးသားတောင်းဆိုမှသာ ပြန်အမ်းငွေ သို့မဟုတ် လျော်ကြေးငွေကို ရထိုက်ခွင့်ရှိသည်။

၆၇။ ကုန်စည် အမျိုးအမည်စာရင်းများကို တမင်မမှန်မကန် ဖော်ပြပေးအပ်ခဲ့လျှင် ထိုကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းတို့အတွက် ရထားအဖွဲ့အစည်း၌ လျော်ကြေး ပေးရန် တာဝန်မရှိစေရ။

၆၈။ ရထားအဖွဲ့အစည်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းများအကြား ခရီးသည်နှင့် ကုန်စည်များကို ခရီးစဉ်အစမှအဆုံးထိ ပို့ဆောင်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ခရီးသည်များ သေဆုံးဒဏ်ရာရမှု၊ ကုန်စည်များ ပျောက်ဆုံးမှု၊ ထိခိုက်ပျက်စီးမှု၊ ယိုယွင်းပျက်စီးမှုများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအပေါ်တွင် နည်းလမ်းတကျ တောင်းခံနိုင်ခွင့်ရှိသည်။

၆၉။ ဤအခန်းပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရထားအဖွဲ့အစည်း တစ်ခုခုသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတောအတွင်း အောက်ပါ အခြေအနေတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း သက်သေထင်ရှား ပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မပြည့်စုံမှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့က မလျော်မကန်ပေါ့ဆစွာ ကုန်စည် ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည် တင်မှု၊ ကုန်စည်ချမှု၊ သိုလှောင် ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုး ပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု သို့မဟုတ် ကုန်စည်၏ ပင်ကိုယ် သဘာဝ ချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နား ထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု အပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ ပေါ်ပေါက်မှု။

## အခန်း(၁၆)

## မတော်တဆ ဖြစ်ပွားမှုများ

၇၀။ (က) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် မတော်တဆမှုအဖြစ် သတ်မှတ်ထားသော ဖြစ်ရပ် တစ်ခုခုဖြစ်ပွားလျှင် ရထားမှတာဝန်ရှိသူသည် အနီးဆုံးဘူတာရုံပိုင်ထံသို့ ချက်ချင်း သတင်းပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် မတော်တဆမှု သတင်းရရှိသည့်အခါ ရထား မတော်တဆဖြစ်ပွားမှု အခြေအနေများကို ဝန်ကြီးဌာနနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း သတင်းပေးပို့ အစီရင်ခံရမည်။

၇၁။ မတော်တဆမှုနှင့်ပတ်သက်၍ အစီရင်ခံတင်ပြခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၇၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားတွင် မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးက ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုအတွက် လျော်ကြေးပေးရန်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်စေရမည်။

(ခ) ရထားအဖွဲ့အစည်းတစ်ခုခု၏ မတော်တဆမှုကြောင့် အခြားရထားအဖွဲ့အစည်းပိုင် ပစ္စည်းများ ပျက်စီးဆုံးရှုံးလျှင် ယင်းပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသော သက်ဆိုင်ရာ ရထားအဖွဲ့အစည်းကို သတ်မှတ်ချက်နှင့်အညီ ဆုံးဖြတ်သည့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအတိုင်း ပေးလျော်စေရမည်။

## အခန်း (၁၇)

## စီမံခန့်ခွဲရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်ဒဏ်

၇၃။ မည်သူမျှ-

(က) လူစီးရထားတွဲ ပေါ်တွင် တန်ဆာမဲ့ကုန်စည်များ တင်ဆောင်ခြင်းမပြုရ။

(ခ) လူစီးရထားတွဲပေါ်တွင် ကုန်စည်များကို တန်ဆာမဲ့တင်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် လူစီးရထားတွဲအနီး၌ဖြစ်စေ၊ ဘူတာရုံ၊ ဘူတာဥပစာနှင့် ဘူတာရပ်ဝန်းအတွင်း၌ဖြစ်စေ ကုန်စည်များ စုပုံထားရှိခြင်းမပြုရ။

(ဂ) အမှန်ကျသင့်သည့် တန်ဆာခထက် လျော့နည်းပေးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်ကို မမှန်မကန် ဖော်ပြခြင်းမပြုရ။

(ဃ) သီးသန့်တွဲ သို့မဟုတ် ခရီးသည် အပြည့်ရှိနေသည့် လူစီးတွဲအတွင်းသို့ ဝင်ရောက်ခြင်း မပြုရ သို့မဟုတ် ထိုသို့ ဝင်ရောက်သည့်အတွက် ထွက်သွားခိုင်းသည်ကို ငြင်းဆန်ခြင်း မပြုရ။

(င) ဘူတာရုံ၊ ဘူတာဥပစာ၊ ဘူတာရပ်ဝန်း၊ ရထား၊ ရထားလမ်းယာဉ်တို့တွင်လည်းကောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အများပြည်သူသိရှိရန်အတွက် လည်းကောင်း၊ ရေးသားထားခြင်း၊ ကပ်ထားခြင်း၊ စိုက်ထူထားခြင်းများ ပြုလုပ်ထားသည့်

အရာများအား တမင်ပျက်ယွင်းစေခြင်း၊ ရေးသားချက်များကို ဖျက်ခြင်း၊ ပြင်ခြင်း သို့မဟုတ် ဆွဲဖြုတ်ဖယ်ရှားခြင်းမပြုရ။

(စ) တာဝန်ရှိရထားဝန်ထမ်းက ကူးစက်ရောဂါရှိသူများအတွက် သီးခြားနေရာချထားပေးခြင်းကို လိုက်နာမှုမရှိဘဲ ရထားစီးနင်းခြင်းမပြုရ။

(ဆ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းခြင်း၊ နေထိုင်ခြင်းမပြုရ။

(ဇ) ရထားလက်မှတ်မပါဘဲသော်လည်းကောင်း၊ ရထားလက်မှတ်ပါ ခရီးစဉ်ထက် ကျော်လွန်စီးနင်းခြင်း သော်လည်းကောင်း၊ ရထားလက်မှတ်ပါ အတန်းအစား သတ်မှတ်ချက်ထက်မြင့်သော အတန်းအစားတွင် သွားရောက်စီးနင်းခြင်းသော်လည်းကောင်းမပြုရ။

(ဈ) ရထားလက်မှတ်ပေါ်တွင် ဖော်ပြထားသည့် သုံးစွဲခွင့်ရှိသည့်ကာလ၊ ရက်စွဲ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဘူတာဖော်ပြချက်၊ လူဦးရေနှင့် စာသားတို့ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ပစ်ခြင်းမပြုရ။

(ည) ခရီးတစ်ခုအတွက် ရောင်းချထားသော ရထားလက်မှတ်ကိုဖြစ်စေ၊ အသွားအပြန် ရထားလက်မှတ်ကိုဖြစ်စေ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း၊ ယင်းသို့ဆောင်ရွက်ရန် အားထုတ်ခြင်းမပြုရ။

(ဋ) တာဝန်ရှိ ရထားဝန်ထမ်းက ရထားစီး ခရီးသည်အား ရထားလက်မှတ်ပြသရန် တောင်းခံသည့်အခါ ပြသရန် ပျက်ကွက်ခြင်း မရှိစေရ။

၇၄။ မည်သည့် တိရစ္ဆာန်များ၏ ပိုင်ရှင် သို့မဟုတ် ကြီးကြပ်သူမျှ တိရစ္ဆာန်များမဝင်ရန် သင့်လျော်သော အကာအရံ သို့မဟုတ် ခြံစည်းရိုးကာရံထားသော ရထားလမ်းနယ်မြေအတွင်းသို့ တိရစ္ဆာန်ကိုမောင်းနှင်ခြင်း၊ ကျော်နင်းဝင်ရောက်စေခြင်း သို့မဟုတ် လွှတ်ကျောင်းခြင်းမပြုရ။

၇၅။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၃ နှင့် ၇၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) မှ (ဂ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက ထိုသူကို ကုန်တင်တန်ဆာခ၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ခ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဃ) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ ထိ ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဂ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဇ) မှ (ဋ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို ဇဟိုကြီးကြပ်ရေးအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်သောဒဏ်ငွေ တပ်ရိုက်ခြင်း၊

(ဃ) ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်သူအား တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထို့ပြင် ရထားမောင်းနှင်လာစဉ် ဘေးအန္တရာယ်ဖြစ်စေရန် ရထားလမ်းနယ်မြေအတွင်းသို့ တိရစ္ဆာန်ကို တမင်မောင်းသွင်းလျှင် သို့မဟုတ် ထိုသို့ဝင်ရောက်ရန် သိလျက်နှင့် ခွင့်ပြုလျှင် ထိုသူကို တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၁၀၀၀၀၀ ထက်မပိုသော ဒဏ်ငွေတပ်ရိုက်ခြင်း။

၇၆။ ရထားအဖွဲ့အစည်းသည်-

(က) ပုဒ်မ ၇၅ အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်အဖြစ် ဒဏ်ငွေချမှတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးထံ သတ်မှတ်ထားသော ပုံစံနှင့်အတူ ဆောလျင်စွာ အစီရင်ခံရမည်။

(ခ) ချမှတ်ထားသော ဒဏ်ငွေများကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ ငွေစာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ ဆောလျင်စွာ ပေးသွင်းရမည်။

၇၇။ (က) ပုဒ်မ ၇၅ အရ တပ်ရိုက်သော စီမံခန့်ခွဲရေးဒဏ်ငွေကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအမှူးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၇၈။ (က) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဇဟိုကြီးကြပ်ရေးအဖွဲ့သို့ ရက်ပေါင်း ၆၀ အတွင်း အယူခံနိုင်သည်။

(ခ) ဇဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဇဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း(၁၈)
## တားမြစ်ချက်များ

၇၉။ မည်သူမျှ ရထား၊ ရထားစီး ခရီးသည် သို့မဟုတ် ရထားပေါ်ရှိ တာဝန်ရှိသူတစ်ဦးဦးနှင့် ရထားပေါ်ရှိ ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေရန် ကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ် ကျရောက်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ရထားလမ်းပေါ်သို့ သစ်တုံး၊ ကျောက်ခဲ သို့မဟုတ် အခြားပစ္စည်း တစ်စုံတစ်ရာကို တင်ထားခြင်း၊ ပစ်ချထားခြင်း၊

(ခ) ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် အခြားတစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(ဂ) ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျော့ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) လမ်းလွှဲများနှင့် ရထားစက်ကိရိယာများကို လှည့်ခြင်း၊ ရွှေ့လျားစေခြင်း၊ ထိန်းချုပ်မှု ပျက်စီးစေခြင်း၊ လွှဲပြောင်းခြင်း၊

(င) ရထားလမ်း အချက်ပြများကို မမှန်မကန် ပြုလုပ်ခြင်း၊ ဖုံးကွယ်ထားခြင်း၊ ဖယ်ရှားပစ်ခြင်းနှင့် မမှန်မကန် အချက်ပြခြင်း၊

(စ) ရထားလမ်းကို ချို့ယွင်းပျက်စီးစေသော အခြားမည်သည့် ပြုလုပ်မှုကိုမဆို ပြုလုပ်ခြင်း၊ ဖြစ်ပေါ်စေခြင်း သို့မဟုတ် ထိုသို့ဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊

၈၀။ မည်သူမျှ-

(က) ရထားမောင်းနှင်နေစဉ်တွင် သော်လည်းကောင်း၊ ရပ်နေစဉ်တွင် သော်လည်းကောင်း စီးနင်းလိုက်ပါသူ၏ အသက်ကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်စေရန် တမင်ပြုလုပ်ခြင်း၊ မဆင်မခြင် သို့မဟုတ် ပေါ့ဆစွာပြုလုပ်ခြင်းတို့ အပါအဝင် မည်သည့်ပြုလုပ်မှုကိုမျှ မပြုလုပ်ရ။

(ခ) ရထားပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်ကို ခွင့်ပြုချက်မရှိဘဲ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်းမပြုရ။

၈၁။ မည်သူမျှ-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းကိုဖြစ်စေ ဗဟိုကြီးကြပ်ရေး အဖွဲ့က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင် ရရှိသော်လည်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ရထား လမ်းကို ဖွင့်လှစ်ခြင်းမပြုရ။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် ပိတ်ထားသောရထားလမ်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ဖွင့်လှစ်ခြင်းမပြုရ။

၈၂။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမျှ-

(က) တာဝန်ချိန်အတွင်း အရက်သေစာ သောက်စားခြင်း၊ ရထားစီးခရီးသည်ကို စိတ်ပြိုင်ပြင် စေရန် သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေရန် မဆင်မခြင် သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

(ခ) ကုန်တွဲတွင် သတ်မှတ်ထားသည့် ဝန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

(ဂ) ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားဖြတ်သန်းချိန် မတိုင်မီဂိတ်ကို ကောင်းမွန်စွာပိတ်ခြင်းနှင့် ရထားဖြတ်သန်းပြီးသည့်အခါ ပြန်ဖွင့်ခြင်းတို့ကို သတ်မှတ်ချက် များနှင့်အညီ ပြုလုပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) ရထား မတော်တဆဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၀ အရ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ ချက်ချင်းသတင်းပေးပို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(င) ရထားပေါ်တွင် အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာဖြစ်သော ကုန်စည်များကို သယ်ဆောင်ခြင်း မပြုရ။

(စ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရထားပေါ်နှင့် ဘူတာရုံများတွင် လိုအပ်သည့် ရထားခန္ဓာန်းကြော်ငြာ၊ နှိုတစ်စာ၊ ကြော်ငြာဆိုင်းဘုတ် နှင့် စာအုပ်စာတမ်းများထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဆ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဇ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို မမှန်မကန် ပြုစုပြီး တင်ပြခြင်း မပြုရ။

၈၃။ မည်သူမျှ-

(က) ရထားပေါ်တွင် ပါရှိသော အရေးပေါ်ကိရိယာကို ခိုင်လုံသောအကြောင်းမရှိဘဲ အသုံး မပြုရ။

(ခ) ရထားရှိ ဆက်သွယ်ရေးစနစ်နှင့် ပစ္စည်းကိရိယာကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း မပြုရ။

(ဂ) ရထား စတင်ထွက်ခွာစဉ် ရထားပေါ်သို့ ခုန်တက်ခြင်း သို့မဟုတ် ရထားမရပ်မီ ခုန်ဆင်းခြင်း မပြုရ။

(ဃ) ရထား အမိုး၊ အကာ၊ ခြေနင်း၊ တွဲများအကြားနှင့် သတ်မှတ်ခွင့်ပြုချက်မရှိသော နေရာများပေါ်တွင် စီးနင်းလိုက်ပါခြင်းမပြုရ။

(င) ရထားပေါ်တွင် အခြားသူကိုစိတ်ငြိုငြင်စေရန် ပြုမူပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း မပြုရ။

(စ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းစားသူ၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းသူ သို့မဟုတ် နေထိုင်သူအားထွက်ခွာသွားရန် တာဝန်ရှိရထားဝန်ထမ်းက ညွှန်ကြားသည်ကို ငြင်းဆန်ခြင်းမပြုရ။

(ဆ) တာဝန်ရှိ ရထားဝန်ထမ်းကို ဝတ္တရားနှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မပြုရ။

(ဇ) ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားလာသည့်အခါ ဂိတ်ပိတ်ထားသည်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်ခြင်း၊ ဖြတ်သန်းခြင်း၊ ရထားဖြတ်သန်းပြီးသည့်အခါ ဂိတ်ဖွင့်ထားသည်ကို ပိတ်ခြင်းမပြုရ။

(ဈ) ဆေးလိပ်သောက်ခွင့်မရှိသော ဘူတာနေရာများ၊ တွဲများပေါ်တွင် ဆေးလိပ်သောက်ခြင်း မပြုရ။

## အခန်း (၁၉)
## ပြစ်ဒဏ်များ

၈၄။ မည်သူမဆို ပုဒ်မ ၇၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၅။ မည်သူမဆို ပုဒ်မ ၈၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၈၆။ မည်သူမဆို-

(က) ပုဒ်မ ၈၁၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၁၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို-

(က) ပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၂ ၊ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို-

(က) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) မှ (ဇ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဈ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

## အခန်း(၂၀)

## အထွေထွေ

၈၉။ ရထားလမ်းတစ်လျှောက် ရထားလမ်းနယ် သတ်မှတ်ချက်မှာ-

(က) ရထားလမ်းဖို့ မြေတာဘောင်၏ ဝဲ၊ ယာ အစွန်ဆုံးအခြေမှ အနည်းဆုံး အကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။

(ခ) တူးမြေဖြစ်ပါက တူးမြေထိပ်မှ တစ်ဘက်တစ်ချက်သို့ အနည်းဆုံးအကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။

(ဂ) သီးခြားသတ်မှတ်ထားသော ရထားလမ်းတစ်လျှောက်တွင် ဝဲ၊ ယာ အစွန်ဆုံး ရထားသံလမ်းမှ အနည်းဆုံးအကွာအဝေးသည် ၅၀ ပေ ဖြစ်သည်။

၉၀။ ဇဟိုကြီးကြပ်ရေးအဖွဲ့နှင့် စီမံရေးအဖွဲ့ကဖြစ်စေ၊ ရထားအဖွဲ့အစည်းကဖြစ်စေ၊ ဤဥပဒေအရ ရရန်ရှိသော လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဝန်ဆောင်ခ၊ ဒဏ်ငွေနှင့် အခြား အခကြေးငွေတို့ကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက် နှင့်အညီ အရကောက်ခံခွင့်ရှိသည်။

၉၁။ လက်မှတ်မဲ့၊ တန်ဆာမဲ့ ဒဏ်ကြေးများ အပေါ်တွင် ဆုကြေးများနှင့်စပ်လျဉ်း၍-

(က) မြန်မာ့မီးရထားတွင် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်း သတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။

(ခ) ရထားကုမ္ပဏီတွင် ရထားကုမ္ပဏီ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်း သတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။

၉၂။ (က) မြန်မာ့မီးရထား ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊ ရာထူးမှ ထုတ်ပယ်ခံရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သေဆုံးခြင်း သို့မဟုတ် အငြိမ်းစား ယူခြင်းတို့ ဖြစ်ပေါ်သည့်အခါ ထိုရထားဝန်ထမ်းအား တရားဝင် နေထိုင်ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းကိုလည်းကောင်း၊ ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကိုလည်းကောင်း ခွင့်ပြုထုတ်ပေးသည့် ဌာနသို့ သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံရမည်။

(ခ) မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အပြင် နေထိုင် ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းမှ ဖယ်ရှားထွက်ခွာရန် ငြင်းဆန်သော မြန်မာ့မီးရထားဝန်ထမ်းနှင့် ယင်း၏ မိသားစုအား မြန်မာ့မီးရထား အိမ်ရာစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖယ်ရှားနှင်ထုတ်ပိုင်ခွင့်ရှိသည်။

၉၃။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၄။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဇဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စီမံရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သောချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကိုခံစားခွင့်ရှိသည်။

၉၅။ ဇဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ အရအသုံးငွေစာရင်းမှ ကျခံရမည်။

၉၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စီမံရေးအဖွဲ့ဝင်များနှင့် ရထားအဖွဲ့အစည်းများ၏ ရထားဝန်ထမ်းများသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၉၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိက ရထားကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်၍ ရထားပို့ဆောင်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်း မပြုသေးမီကာလတွင် စီမံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့အား တာဝန်ပေးနိုင်သည်။

၉၈။ The Railways Act, (India Act IX of 1890) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၉၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာ့မီးရထားတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၀။ The Railways Act, (India Act IX of 1890) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်